*J. Myanmar Acad. Arts Sci. 2026* **Vol. XXIII. No.6**

# ဝန်ကြီးပဒေသရာဇာ၏သူဇာပျို့လာ အပြောက်အမွမ်းအဖွဲ့များလေ့လာချက်

နီလာစိုး[၁]

## စာတမ်းအကျဉ်း

ဤစာတမ်းသည် မြန်မာစာပေနယ်ပယ်လာ ရေးကဗျာကဏ္ဍရှိ ဝန်ကြီးပဒေသရာဇာ၏ သူဇာပျို့လာ အပြောက်အမွမ်းအဖွဲ့များကို လေ့လာတင်ပြထားသော စာတမ်းဖြစ်ပါသည်။ ဤစာတမ်းကို တင်ပြရသည့် ရည်ရွယ်ချက်မှာ သူဇာပျို့လာအပြောက်အမွမ်းအဖွဲ့များသည် မူလဇင်းမယ် ပဏ္ဏာသဇာတ်ဝတ္ထုထက်ပို၍ စိတ်ဝင်စားဖွယ်ကောင်းလာပြီး နှစ်သက်မှုရသကို ပေးစွမ်းနိုင်ကြောင်း သိရှိစေလိုခြင်းဖြစ်ပါသည်။ မူလ ဇာတ်ဝတ္ထုကို ပျို့ကဗျာအဖြစ် ပြန်လည်ဖန်တီးရာတွင် အရိုးခံဇာတ်လမ်း၊ ဇာတ်ဆောင်၊ နောက်ခံ ဝန်းကျင်များကို မွမ်းမံခြယ်သသည့် အဖွဲ့များကို စာပေဆိုင်ရာ အပြောက်အမွမ်းနည်းနာများဖြင့် လေ့လာ ဆန်းစစ်နိုင်ကြောင်း တွေ့ရပါသည်။ မူရင်းဇင်းမယ် ပဏ္ဏာသလာဇာတ်ဝတ္ထုကို အခြေခံ၍ ပျို့အဖြစ် ဖွဲ့ဆိုရာတွင် ပိုမိုရုပ်လုံးကြွလာအောင် စိတ်ကူးဉာဏ်ကွန့်မြူး၍ အပြောက်အမွမ်းခြယ် ရေးဖွဲ့ထားပါသည်။ ပျို့ကဗျာလာ အပြောက်အမွမ်းအဖွဲ့များကို လေ့လာလိုသူတို့အတွက် အထောက်အကူပြုသော စာတမ်း တစ်စောင် ဖြစ်ပါသည်။

**သော့ချက်ဝေါဟာရများ** ဇင်းမယ်၊ အပြောက်အမွမ်း၊ ပျို့၊ ဇာတ်လမ်း၊ ဇာတ်ဆောင်၊ နောက်ခံဝန်းကျင်။ -

## နိဒါန်း

ဤစာတမ်းသည် သူဇာပျို့လာ အပြောက်အမွမ်းအဖွဲ့များကို လေ့လာတင်ပြထားသောစာတမ်း ဖြစ်ပါသည်။ သူဇာပျို့သည် ညောင်ရမ်းခေတ်စာဆို ဝန်ကြီးပဒေသရာဇာ၏ ထင်ရှားသော ပျို့တစ်စောင် ဖြစ်ပါသည်။ စာဆိုသည် ဟံသာဝတီရောက် မင်းတရားကြီးတိုက်တွန်း၍ သူဇာပျို့ကို ရေးဖွဲ့ခဲ့ခြင်းဖြစ် သည်။ မင်းခမ်းမင်းနားစုံလင်သည့်အပြင် **"သူဇာကိုလည်း မပစ်နှင့်၊ စာနကိုလည်းမချစ်နှင့်"** ဟူ၍ ဝေါဟာရလီနတ္ထဒီပနီကျမ်းတွင် ပညာရှိတို့ ဆိုစမှတ်ပြုထားသော ပျို့တစ်စောင်ဖြစ်သည်။ မူရင်း ဇင်းမယ်ပဏ္ဏာသဇာတ်လာ သုဓနုကုမာရဇာတ်ကို အခြေခံ၍ ရေးဖွဲ့သီကုံး ခဲ့ခြင်းဖြစ်ပါသည်။ ထိုကဲ့သို့ ရေးဖွဲ့ရာတွင် မူလဇာတ်ရှိ ဇာတ်လမ်း၊ ဇာတ်ဆောင်၊ နောက်ခံဝန်းကျင်တို့ကို ချဲ့ထွင်၍လည်းကောင်း၊ အသစ်ဖြည့်စွက်၍လည်းကောင်း ဝေဝေဆာဆာဖြစ်အောင် ရေးဖွဲ့ထားပါသည်။ ဤစာတမ်းတွင် စာဆို သည်ဇာတ်လမ်း၊ ဇာတ်ဆောင်၊ နောက်ခံဝန်းကျင် အပြောက်အမွမ်းအဖွဲ့များကို မည်ကဲ့သို့ မွမ်းမံခြယ်သ ထားကြောင်း လေ့လာတင်ပြမည်ဖြစ်ပါသည်။ ထိုကဲ့သို့ လေ့လာတင်ပြရာတွင် **သူဇာပျို့လာ အပြောက် အမွမ်း အဖွဲ့များသည် ဇာတ်လမ်း၊ ဇာတ်ဆောင်၊ နောက်ခံဝန်းကျင်တို့ကို ပီပြင်ပေါ်လွင်ထင်ရှားအောင် အထောက် အကူပြုနိုင်ပါသလား** ဟူသော သုတေသနမေးခွန်းနှင့် **သူဇာပျို့လာ အပြောက်အမွမ်း အဖွဲ့များသည် ပျို့ကို စိတ်ဝင်စားမှု၊ နှစ်သက်မှုကို ပေးစွမ်းနိုင် ခြင်းရှိ ၊ မရှိ** ဟူသော သုတေသနပြဿနာ တို့ကိုတွေ့ရပါသည်။ ထိုမေးခွန်းနှင့်ပြဿနာကို ဖြေဆိုရာတွင် အပြောက်အမွမ်းနည်းနာများ၊ သုတေသန နည်းနာများ၊ မူလဇင်းမယ်ပဏ္ဏာသသုဓနုကုမာရ ဇာတ်တော်နှင့် နှိုင်းယှဉ်ခြင်းများဖြင့် ချဉ်းကပ်အဖြေရှာ ခဲ့ပါသည်။

---

[၁] မြန်မာစာဌာန၊ မန္တလေးတက္ကသိုလ်

## ပျို့ဝေါဟာရ

မြန်မာစာပေသမိုင်းစာအုပ်တွင် ဦးဖေမောင်တင်သည် **"ပျို့ဟူသည်မှာ ပို့-ဟူသော စကားမှ ဆင်းသက်ပျက်ပြားလာ၍ ပြည့်လျှမ်းခြင်း၊ နှစ်သက်ခြင်း၊ အရောင်တောက်ပခြင်း အနက်များ ရမည်ထင်၏။ တရားအဆီအနှစ်များနှင့် ပြည့်လျှမ်းနေသော ကဗျာသည်ပျို့မည်၏။**" (၁၉၈၅၊ စာ-၉၂) ဟူ၍ ဖွင့်ပြထားပါသည်။

မြန်မာအဘိဓာန်စာအုပ်တွင် "**ပျို့ ၊ ကြိ-၁၊ မို့တက်သည်။ ၂၊ ထွက်ပြူသည်။ ၃၊ နှစ်သက်သည် ။ ၄၊ ဝမ်းမှ လေဆန်တက်သည်။ န - ပိုဒ်ရေပေါင်းများစွာ ဖွဲ့ဆိုသော လေးလုံးစပ် လင်္ကာရှည်တစ်မျိုး"** (၂၀၂၂၊ စာ-၂၂၃) ဟူ၍ ဖွင့်ဆိုထားပါသည်။

ထိုဖွင့်ဆိုချက်များအရ ပျို့သည် စာဖတ်သူအား နှစ်သက်မှုကို ပေးစွမ်းနိုင်သော လေးလုံးစပ် ကဗျာအဖွဲ့အနွဲ့၊ စာဖတ်သူတို့၏ စိတ်နှလုံးကို နှစ်သက်ကြည်လင်အောင် ဆွဲဆောင်နိုင်သော ကဗျာရှည်ဖြစ်ကြောင်း တွေ့ရပါသည်။

ထိုပြင်ပျို့သဘောကို ဒေါက်တာခင်မမ၏ မင်းပွဲဝင်ပျို့ကဗျာများ စာအုပ်အမှာစာတွင် မောင်ခင်မင် (ဓနုဖြူ) က

> **ပျို့ကိုဇာတ်လမ်း ဖြစ်ရပ်အခြေခံသောပျို့နှင့် ဩဝါဒသုတ အခြေခံသောပျို့ဟူ၍ခွဲနိုင်ကြောင်းဆိုသည်။ ဇာတ်လမ်း အခြေခံသော ပျို့များမှာ ဇာတက၊ ဗုဒ္ဓဝင် ၊ဓမ္မပဒ၊ ဇင်းမယ်ပဏ္ဏာသစသည့် ဇာတ်ဝတ္ထု စသည်တို့မှ အဆင်တန်ဆာအပြောက်အမွမ်းများဖြင့် ရေးဖွဲ့ပါသည်။ ကဗျာဝတ္ထုရှည်ဟု ဆိုနိုင်သည်။ ဩဝါဒသုတ အခြေခံသောပျို့များမှာ မင်္ဂလသုတ်၊ လောကနီတိ၊ ရာဇနီတိ၊ ဓမ္မသတ်၊ ဆေးပညာ စသည်တို့ကိုအခြေခံ၍ ပျို့အဖြစ်ရေးဖွဲ့ပါသည်။** (၂၀၁၀၊ အမှာစာ)

ဟူ၍ ရှင်းပြထားပါသည်။

ထိုအချက်များအရ ပျို့သည်စကားတန်ဆာ၊ အနက်တန်ဆာများဖြင့် ဝေဝေဆာဆာရေးဖွဲ့ထားသော ကဗျာမျိုးဖြစ်ပါသည်။ ဇာတ်လမ်းဖြစ်ရပ်အပေါ်ကို အပြောက်အမွမ်းများဖြင့် ရေးဖွဲ့တန်ဆာဆင်သောပျို့နှင့် ဗဟုသုတကိုပေးသောပျို့ဟူ၍ နှစ်မျိုးခွဲခြားနိုင်ကြောင်း မှတ်သားရပါသည်။

## ပျို့စာဆို

ဝန်ကြီးပဒေသရာဇာသည် သက္ကရာဇ် (၁၀၃၄) ခုနှစ်တွင် နန်းတက်သော အင်းဝဘုရင် အင်္ဂါမင်း လက်ထက် အင်းဝမြို့တွင် ဖွားမြင်သည်။ အင်္ဂါမင်းသားတော် စနေမင်းနန်းတက်သည့် (၁၀၆၀) ခုနှစ်တွင် စာဆိုသည်အသက် (၁၃) နှစ်ရှိပြီဖြစ်ကြောင်း မဏိကက်ပျို့နိဂုံးတွင် ဆိုထားရာ မွေးသက္ကရာဇ်သည် (၁၀၄၇) ခုနှစ်ဟုသိရသည်။ စာဆို၏ မွေးသက္ကရာဇ်ကို (၁၀၄၅) ခုနှစ်ဟုလည်း စာဆိုတော်များ အတ္ထုပ္ပတ္တိတွင် ခန့်မှန်းထားပါသည်။(၂၀၀၂၊စာ-၁၂၉) အမိအဖတို့၏ အမည်နာမများကိုမသိရပါ။ သူဇာပျို့နိဂုံးတွင် အဘိုးသည် ဝန်ထောက်ဖြစ်ကြောင်း၊ အဖသည်လည်း ထို့အတူဖြစ်ကြောင်း ဖွဲ့ဆိုထားသည်။ (၁၀၆၀) ပြည့်နှစ် စနေမင်းလက်ထက် စုရေးစုကိုင်အဖြစ် အမှုတော်ကိုထမ်းရွက်စဉ် ကဗျာလင်္ကာ

များ စပ်ဆိုသီကုံး၍ (၁၀၇၆) ခုနှစ်တနင်္ဂနွေမင်းလက်ထက် လက်ျာရွှေတောင်ဘွဲ့၊ မန်ကျည်းတုံရွာကို စားရသည်။ ထိုတနင်္ဂနွေမင်း၏သားတော် စဥ့်ကူးမြို့စား အိမ်ရှေ့မင်းသားထံ ဆရာအဖြစ်ဖြင့် ထမ်းရွက်စဉ် စဥ့်ကူးမင်းသား ရွှေနားတော်သွင်း ဧချင်းကို ရေးစပ်ခဲ့ပါသည်။

သက္ကရာဇ် (၁၀၉၅) ခုနှစ်တွင် ဟံသာဝတီရောက်မင်းတရားကြီးလက်ထက် ဘယကျော်သူ ဘွဲ့၊ မင်းရဲကျော်ထင်ဘွဲ့၊ မင်းရဲမင်းလှမင်းကျော်ထင် ဟူသောဘွဲ့တို့ဖြင့် အသည်ဝန်၊ အတွင်းဝန်၊ လွှတ်တော်ဝန်အဖြစ် ရာထူးများကို ခံယူထမ်းရွက်ခဲ့ပါသည်။ ဇရွှံမြို့ကို မြို့စားအဖြစ်ပေးခြင်းခံရသည်။ ပဒေသရာဇာဘွဲ့ကို ရရှိပြီး နတ်ရှင်နောင်ဘွဲ့၊ ဘုန်းတော်မြတ်ဘွဲ့ တို့ကို ဆင့်ကာ ချီးမြှင့်ခြင်းခံရသည်။

ဝန်ကြီးသည် မနော်ပျို့သစ်၊ ကုမ္မာဘယပျို့၊ ဒန္တာသီရိပျို့၊ နူအူပျို့၊ ကြာနတ်ကေသာပျို့၊ မဟာပတိပျို့ကို အစဉ်အတိုင်းစပ်ဆိုပြီး ဟံသာဝတီမင်းတိုက်တွန်း၍ သူဇာပျို့ကို ရေးဖွဲ့သီကုံးခဲ့ ပါသည်။ ထို့ပြင်မဏိကက်ပျို့၊ ကျေးဇူးတော်ပျို့၊ တောထွက်ခန်းပျို့၊ ယိုးဒယားသံရောက်ပျို့၊ နမောလင်္ကာပျို့၊ ဟိတကာရီပျို့၊ သမုဒ္ဒဃောသပျို့တို့လည်းကောင်း၊ ရတုများနှင့်ဟံသာဝတီရောက် မင်းတရားကြီး၏ သမီးတော်မင်းထိပ်ဦးနေချင်း၊ အင်းဝနန်းတော်ဘွဲ့မော်ကွန်း၊ မဏိကက်နန်းတွင်းဇာတ်၊ (၃၇)မင်းနတ်သံအဲ၊ ယသော်တမ်းချင်းပျို့၊ ဆေနပြန်ပျို့များကို စပ်ဆိုခဲ့သည်။

ဝန်ကြီးသည် နန်းတွင်းစာဆိုဖြစ်သည်သာမက ထီးနန်းပတ်ဝန်းကျင်ကို အာရုံပြု၍ရေးဖွဲ့သကဲ့သို့ ထန်းတက်သမား၊ လယ်သမား၊ လှေသမား၊ နွားဝန်တင်သမားစသည်ဖြင့် လက်လုပ်လက်စား သာမန်လူတန်းစားတို့ဘဝကို တျာချင်းကဗျာများ ဖွဲ့ဆို၍ စာပေသစ်ကို ဦးဆောင်ခဲ့သူ ဖြစ်ပါသည်။

သက္ကရာဇ် (၁၁၁၃) ခုနှစ် နှစ်ဦးတွင် ဟံသာဝတီရောက်မင်းတရားကြီးနှင့် မိဖုရား၊ သားတော်၊ သမီးတော်များ၊ ဆွေတော်မျိုးတော်များနှင့်အတူ ဟံသာဝတီသို့ လိုက်ပါသွားသည်။ ဟံသာဝတီသို့ရောက်ပြီး သန်လျင်သို့အပို့ခံရသည်။ သန်လျင်သို့ရောက်သောအခါ အသက်အရွယ်ကြီးရင့်ပြီဖြစ်၍ မောပန်းသောလူကြီးရောဂါဖြင့် သက္ကရာဇ် (၁၁၁၆) ခုနှစ်တွင် အနိစ္စ ရောက်ကြောင်း မှတ်သားရပါသည်။

**စာပေလေ့လာဆန်းစစ်ချက်**

ဤစာတမ်းတွင် ဝန်ကြီးပဒေသရာဇာ၏ သူဇာပျို့လာ အပြောက်အမွမ်းအဖွဲ့များကို လေ့လာတင်ပြရာတွင် စာတမ်းနှင့်သက်ဆိုင်သော ပညာရှင်တို့၏ ဖွင့်ဆိုချက်များ၊ သီအိုရီသဘော တရားများ၊ ကျမ်းများကို လေ့လာဖတ်ရှု၍ အကိုးအကားပြုခဲ့ပါသည်။

ဆရာဇော်ဂျီသည် ဥမ္မာဒန္တီပျို့အမှာစာ (၁၉၇၈)တွင် ပျို့စာဆိုသည် မူလရှိပြီးသား ဇာတ်လမ်း၊ ဇာတ်လိုက်၊ ကာလဒေသတို့ကို တန်ဆာဆင်ကြသည်ဟုဆိုထားသည်။ အဖြူထည်နှင့် အပြောက်အမွမ်း ဟူသောစကားသည် ပန်းပုဆရာတို့၏ လက်သုံးစကားဖြစ်သည်။ အရုပ်ကနုတ်မပါသော တုရင်သည် အဖြူထည်တုရင်ဖြစ်၍ အရုပ်ကနုတ်ပါသော တုရင်သည် အပြောက်အမွမ်းတုရင်ဖြစ်သည်။ မူလဇာတ်ဝတ္ထုသည် အဖြူထည်ဖြစ်သည်။ ပျို့စာဆိုကောင်းသည် ထိုအဖြူထည်ကို အပြောက်အမွမ်းဖွဲ့ဆိုကြောင်း ရှင်းပြထားပါသည်။ ဆရာဇော်ဂျီ၏ အပြောက်အမွမ်း လေ့လာနည်းများသည် ပျို့ကဗျာကို အပြောက်အမွမ်း လေ့လာ ရာတွင် အထောက်အကူ ပေးကြောင်းတွေ့ရပါသည်။

မောင်ခင်မင်စာအုပ်ကို လေ့လာခဲ့ပါသည်။ မူလ (၂၀၀၉)၏ ဘာသာအမြင်စာပေအမြင်(ခနေဖြူ) ဇာတ်ဝတ္ထုပြါ ဇာတ်လမ်းကို ပိုမိုစိုပြည်စေရန်လည်းကောင်း၊ ဇာတ်ဆောင်ကို အသက်ဝင်လှုပ်ရှား စေရန်လည်းကောင်း၊ နောက်ခံဝန်းကျင်ကို ထင်ယောင်မြင်ယောင်ဖြစ်စေရန် အပြောက်အမွမ်းပြုနိုင် ကြောင်း အပြောက်အမွမ်းလေ့လာသည့် နည်းနာကိုဆွေးနွေးထားပါသည်။ ပန်းပုပညာရပ် အသုံးစကား ဖြစ်သော အပြောက်အမွမ်းကို ပျို့ကဗျာစာပေတွင် စာပေနည်းနာတစ်ရပ်အနေဖြင့် လေ့လာနိုင်ကြောင်း ဖော်ထုတ်ထားရာ အပြောက်အမွမ်းအဖွဲ့ကို လေ့လာဆန်းစစ်ရာတွင် အထောက်အကူ ပေးပါသည်။

ဒေါက်တာခင်မမ၏ မင်းပွဲဝင်ပျို့ကဗျာ(၂၀၁၀) စာအုပ်တွင် သုဇာပျို့နှင့်ပတ်သက်၍ မူလ ဇင်းမယ်ပဏ္ဏာသဇာတ်တွင် မပါဝင်သောအဖွဲ့များကို သုံးသပ်တင်ပြထားသဖြင့် အပြောက် အမွမ်းအဖွဲ့ များကို ချဉ်းကပ်လေ့လာရာတွင် အထောက်အကူပြုပါသည်။ ရဲမင်းထက် (မြန်မာစာ)၏ ဇာတက နောက်ခံရခိုင်သာခြင်းများ၏ အပြောက်အမွမ်းများ (၂၀၂၁) စာအုပ်ကိုလည်း ဖတ်ရှုလေ့လာခဲ့ပါသည်။

မန္တလေးတက္ကသိုလ် မြန်မာစာဌာနသို့ ပါရဂူဘွဲ့အတွက် တင်သွင်းသော မခင်မျိုးထွန်း၏ ဝန်ကြီးပဒေသရာဇာ ၏ သုဇာပျို့နှင့် ကုမ္မာဘယပျို့လာ အလင်္ကာ တန်ဆာဆင်မှု လေ့လာချက် (၂၀၀၁) နှင့်မသိင်္ဂီ၏ ကင်းဝန်မင်းကြီး၏ တိန္ဒုကပျို့ အပြောက်အမွမ်းလေ့လာချက် (၂၀၁၈)၊ မန္တလေး တက္ကသိုလ် သို့ မဟာဝိဇ္ဇာဘွဲ့အတွက် တင်သွင်းသော မသက်မွန်အောင်၏ သုဇာပျို့မှ ရသအဖွဲ့များ လေ့လာချက် (၂၀၂၁) စသည့် ကျမ်းများကိုလည်း ဖတ်ရှုလေ့လာခဲ့ပါသည်။

## နည်းနာ

### ပညာရပ်ဆိုင်ရာနည်းနာ

ပျို့သည် များသောအားဖြင့် ဗုဒ္ဓဝင်၊ ဘုရားဟော ဇာတကဝတ္ထုများ၊ နိပါတ်များကို တန်ဆာဆင် ဖွဲ့ဆိုလေ့ရှိပါသည်။ ထိုအခါ စာဆိုသည် စာဖတ်သူတို့ကို စကားလည်းသာ တရားလည်းပါအောင် အပြောက်အမွမ်းခြယ်လေ့ရှိပါသည်။ ပျို့ကဗျာများ၏ အပြောက်အမွမ်းအဖွဲ့များကို ဇာတ်လမ်း အပြောက်အမွမ်း၊ ဇာတ်ဆောင်အပြောက်အမွမ်း၊ နောက်ခံဝန်းကျင်အပြောက်အမွမ်းဟူ၍ လေ့လာ တွေ့ရှိရပါသည်။

### အပြောက်အမွမ်းဟူသည်

အပြောက်အမွမ်း၏ သဘောကို ဆရာဇော်ဂျီက ဥမ္မာဒန္တီပျို့အမှာစာတွင်

> **အချို့သောဘုရား တန်ဆောင်းတို့၌ သစ်သားမုတ်တုရင်များသည် အရုပ်ကနုတ် မပါသော တုရင်များဖြစ်၍ အဖြူထည် တုရင်ဟုခေါ်တတ်ကြသည်။ အချို့တုရင်များ သည် အရုပ်ကနုတ်ပါသော တုရင်များဖြစ်၍ ထိုတုရင်မျိုးကို အပြောက်အမွမ်း တုရင်ဟု ခေါ်တတ်ကြသည်။ ပျို့စာဆိုအဖို့မှာ မူလဇာတ်ဝတ္ထုသည် အဖြူထည်ဖြစ်သည်။ ပျို့စာဆိုကောင်းသည် ထိုအဖြူထည်ကို အပြောက်အမွမ်းဖြစ်အောင် ဖွဲ့ဆိုတတ်သည်။**
>
> (၁၉၇၈၊ စာ-၃)

ဟူ၍ ရေးသား ခဲ့ပါသည်။

ဆက်လက်၍ အပြောက်အမွမ်းဟူသော ဝေါဟာရကို ဘာသာအမြင်စာပေအမြင် စာအုပ်တွင် မောင်ခင်မင် (ဓနုဖြူ)က

**အပြောက်အမွမ်းဟူသည် အဆင်တန်ဆာကို ဆိုလိုခြင်းဖြစ်သည်။ ပန်းပုပညာ သဘော အရ အဖြူထည်ဖြစ်သော အရိုးခံသစ်သားထည်တစ်ခုခုကို အဆင်အကွက် ပေါ်လာ အောင် ဆန်ဆာဆင်ထွင်းထုထားသော ခြူးပန်း၊ ကနုတ်ပန်းစသည့် အဆင်တန်ဆာ အမွမ်းအမံများသည် အပြောက်အမွမ်းများ ဖြစ်သည်။** (၂၁၇-၂၀၁၄၊ စာ)

ဟူ၍ ဖွင့်ဆိုထားပါသည်။

မြန်မာအဘိဓာန်တွင် "**ခြူးပန်းခြူးနွယ် လက်ရာပုံစံ။**" (၂၀၂၂၊ စာ-၃၉၉)

ဟူ၍ဖွင့်ဆိုထားပါသည်။

ထိုဖွင့်ဆိုချက်များအရ အပြောက်အမွမ်းဟူသည် မူလဇာတ်ဝတ္ထု၏ ဇာတ်လမ်း၊ ဇာတ်ဆောင်၊ ကာလဒေသ နောက်ခံဝန်းကျင်များ ပေါ်လွင်ထင်ရှားအောင် အမွမ်းအမံပြု ရေးဖွဲ့ ခြင်းဖြစ်ပါသည်။

ဇင်းမယ်ပဏ္ဏာသဇာတ်ဝတ္ထုတွင် ဝတ္ထုအင်္ဂါရပ်များဖြစ်သော ဇာတ်လမ်း၊ ဇာတ်ဆောင်၊ ကာလ ဒေသနောက်ခံတို့ ပါဝင်ပါသည်။ ဇာတ်လမ်းဟူသောဝေါဟာရကို မြန်မာအဘိဓာန်တွင် "**ရုပ်ရှင် ၊ပြဇာတ်၊ ဝတ္ထု စသည်တို့တွင် ပါဝင်သော အဖြစ်အပျက်၊ အကြောင်းအရာ အစအဆုံး။ ဇာတ်ကြောင်း**" (၂၀၂၂၊ စာ- ၁၂၈) ဟုလည်းကောင်း၊ ဝတ္ထုရေးရာဆောင်းပါးများတွင် ဆရာအောင်သင်းက "**ဇာတ်လမ်း ဆိုသည်မှာ ဇာတ်ဆောင်တို့၏ ဘဝလမ်းကြောင်း အသိအမြင်ကို (မမျှော်လင့်ဘဲ) ပြောင်းလဲသွားစေသည့် အဖြစ် အပျက်များကိုကျိုးကြောင်း ဆက်စပ်ပြထားသော ဖြစ်စဉ်တစ်ခုဟု ဆိုချင်မိပါသည်**" (၂၀၂၂၊ စာ - ၁၂၈) ဟုလည်းကောင်း ဖွင့်ဆိုထားပါသည်။

ဇာတ်ဆောင်ကိုမြန်မာအဘိဓာန်တွင် "**ဇာတ်၊ ရုပ်ရှင်တို့တွင် ပါဝင်သရုပ်ဆောင်သူ**" (၂၀၂၂၊ စာ- ၁၂၈) ဟုလည်းကောင်း၊ ဝတ္ထုရှည်စာတမ်းများစာအုပ်တွင် တက္ကသိုလ်ဘုန်းနိုင်က "**ဇာတ်ကြောင်း ဖြစ်လာရန် လုပ်ပြ၊ တွေးပြ၊ ခံစားပြသော ဝတ္ထုရှည်တွင်းမှလူများကို ဇာတ်ဆောင်ဟုခေါ်သည်။ ဇာတ်ဆောင်များသည် ဒိဋ္ဌဓမ္မလောကမှ လူများနှင့်တူလေ ဇာတ်ဆောင်ဖန်တီးမှုကောင်းလေ**" (၂၀၂၁၊ စာ-၂၆) ဟူ၍ ဖွင့်ဆိုထားပါသည်။

ကာလနောက်ခံ၏သဘောကို ဝတ္ထုရေးလိုသော်စာအုပ်တွင် သူရိယကန္တိက

**ကာလဆိုသည်မှာ ဝတ္ထုဇာတ်လမ်းခင်းရာ ခေတ်အချိန်ကိုဆိုလိုသည်။ ထိုထိုသော ခေတ် တွင် ဖြစ်ပေါ်လျက်ရှိသည့် ဝတ်စားနေထိုင်ရေး၊ ပေါင်းသင်းဆက်ဆံရေး၊ လူမျိုးတို့၏ စိတ်သဘောထားတို့ကို သူ့အချိန်၊ သူ့အခါလျော်စွာ ကိုက်ညီအောင် ရေးသားတတ်ရ သည် ဒေသဆိုသည်မှာ ဝတ္ထုပါ ဇာတ်လမ်း၊ ဇာတ်ကွက်၊ ဇာတ်လိုက်တို့ ထိုထိုအရပ်တွင်၊**

**ထိုထိုဌာနတို့တွင် ပေါက်ဖွားဖြစ် ပျက်နေဟန်ကို ရေးသားလျှင် ထိုအရပ်၊ ထိုဒေသတို့၏ ပတ်ဝန်းကျင်လောကအကြောင်းကို သဘာဝကျအောင် ရေးသားတတ်ရမည်။**

(၂၀၁၆၊ စာ-၂၂၄-၂၂၅)

ဟူ၍ ဖွင့်ဆိုထားပါသည်။

ထို့ပြင်စာဆိုတို့သည် မူလဇာတ်ဝတ္ထုကိုအခြားစာပေပုံသဏ္ဍာန်တစ်မျိုးဖြင့် ပြန်လည် ရေးဖွဲ့ကြရာတွင် ရှိပြီးသားဇာတ်လမ်း၊ ဇာတ်ဆောင်၊ နောက်ခံဝန်းကျင်တို့ကို အပြောက်အမွမ်းဖြင့် တန်ဆာဆင် ရေးဖွဲ့ကြသည်။ ထိုသဘောကို ဘာသာအမြင်စာပေအမြင်စာအုပ်တွင် ဦးခင်အေးက

**ဇာတ်လမ်းကို မူလဇာတ်ဝတ္ထုမှာထက် ပိုမိုစိုပြည်ပေါ်လွင်လာအောင် အပြောက်အမွမ်း ခြယ်တတ်ကြသည်။ ဇာတ်ဆောင်များကို ပိုမိုအသက်ဝင် လှုပ်ရှားလာအောင် အပြောက် အမွမ်း ခြယ်တတ်ကြသည်။ နောက်ခံကို ထင်ယောင်မြင်ယောင်ဖြစ်လာအောင် အပြောက်အမွမ်း ခြယ်တတ်ကြသည်။** (၂၀၁၄၊ စာ-၂၁၈)

ဟူ၍ တင်ပြထားပါသည်။

## သုတေသနနည်းနာ

ဝန်ကြီးပဒေသရာဇာ၏ သူဇာပျို့လာအပြောက်အမွမ်းအဖွဲ့များကို လေ့လာတင်ပြရာတွင် အထောက်အကူပြုသော စာအုပ်များ၊ ကျမ်းများ၊ စာတမ်းများကိုစုဆောင်းခြင်း၊ ဖတ်ရှုလေ့လာခြင်းများ ပြုလုပ်ခဲ့ပါသည်။ ဤစာတမ်းနှင့်ကိုက်ညီသော အချက်အလက်များကို စုဆောင်းထုတ်ယူနည်း၊ ခြုံယူဆင်ခြင်နည်း၊ ခွဲခြမ်းစိတ်ဖြာနည်းတို့ဖြင့် လေ့လာတင်ပြထားပါသည်။ အပြောက် အမွမ်းအဖွဲ့များ၏ အသက်ဝင်လှုပ်ရှားမှု ရှိ၊ မရှိကို အကဲဖြတ်စိစစ်ရသဖြင့် အကဲဖြတ်သုတေသန အမျိုးအစားဖြစ်ပါသည်။ အပြောက်အမွမ်းအဖွဲ့များကို လေ့လာဖော်ထုတ်ရန် မူလဇင်းမယ် ပဏ္ဏာသဝတ္ထုနှင့် နှိုင်းယှဉ်လေ့လာခြင်းများ ပြုခဲ့ရပါသည်။

## လေ့လာတွေ့ရှိချက်

နန်းတွင်းစာဆိုကျော် ဝန်ကြီးပဒေသရာဇာ၏ သူဇာပျို့လာ အပြောက်အမွမ်းအဖွဲ့များကို ဇာတ်လမ်းအပြောက်အမွမ်း၊ ဇာတ်ဆောင်အပြောက်အမွမ်း၊ နောက်ခံဝန်းကျင် အပြောက်အမွမ်းဟူ၍ ကဏ္ဍသုံးမျိုးခွဲကာ လေ့လာတင်ပြမည်ဖြစ်သည်။

## ဇာတ်လမ်းအပြောက်အမွမ်း

ဝန်ကြီးသည် မူလဇာတ်လမ်းကို ပိုမိုစိုပြည်ပေါ်လွင်လာစေရန် အပြောက်အမွမ်းခြယ်ထားပါသည်။ မူလသုခနုကုမာရ ဇာတ်လမ်းတွင် ဥတ္တရပဉ္စလတိုင်းပြည်သာယာပုံအခန်းမှ သုခနုမင်းသား ပြည်တော်ပြန်ခန်းအထိ ခေါင်းစဉ်ငယ်များခွဲကာ အခန်း (၂၀) ပါဝင်ပါသည်။ သူဇာပျို့ဇာတ်လမ်းတွင် ဇေယျပူရပြည် သာယာပုံမှ ဥပရာဇာအိမ်ရှေ့မင်း တိုင်းပြည်ပြန်လာပြီး သားတော်ရတနာမဥ္စကို အိမ်ရှေ့နှင်းအပ်သည်။ သမီးတော်ရတနာထိပ်ပန်းနှင့် ထိမ်းမြားလက်ထပ်ပေးသည့်အထိ စိတ်ကူးဉာဏ်

ဖြင့် ဖြည့်စွက်ထားပါသည်။ ပိုဒ်ရေ(၃၀၃)နှင့် နိဂုံးပိုဒ် (၁၁)ပိုဒ် စုစုပေါင်း သူဇာပျို့တွင် ပိုဒ်ရေ ပေါင်း (၃၁၄) ပိုဒ်ရှိပါသည်။

မူရင်းသုဝဏ္ဏကုမာရဇာတ်တော်တွင် သုဝဏ္ဏမင်းသားသည် မနောဟရီမင်းသမီးကို မိဖုရားကြီး အရာထား၍ ပျော်ရွှင်ချမ်းမြေ့စွာ အတူတကွ နေထိုင်သွားကြောင်း "**သုဝဏ္ဏမင်းသားသည် မနောဟရီကို မိဖုရားကြီးအရာ၌ထားလျက် ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံနေလေသည်။**" (၂၀၁၄၊ စာ-၉၄) ဟူ၍ ရေးသားထားပါသည်။ ပျို့တွင်မူ ဥပရာဇာမင်းနှင့် သူဇာမင်းသမီးတို့တွင် သားတော်ရတနာ မဉ္ဇူကို ဖွားမြင်ကြောင်း "**အင်္ဂါညီညွတ်၊ ယောကျ်ားမြက်ကို၊ ညာလွတ်ချပ်ပြေ၊ နတ်ပန်းကြွေသို့၊ ကြက်သရေ တိုက်ဝှမ်း၊ မယ်တော်ဝမ်းမှာ၊ သာချမ်းသန့်စင်၊ မျက်နှာမြင်၏။**" (၁၉၆၁၊ စာ-၃၃) ဟူ၍ လည်းကောင်း၊ သမီးတော်ဖွားမြင်ကြောင်း "**ရတနာမုတ္တာ၊ မူးမကသို့၊ အလှဆန်းကြယ်၊ လွန်တင့်တယ်သည်၊ နုနယ် ထွတ်ရွှတ်၊ သမီးမြတ်ကို၊ ရုပတ်ဝန်းလျား၊ ချမ်းသာဖွား၏**" (၁၉၆၁၊ စာ-၁၂၉) ဟူ၍ ဖွဲ့ဆိုခဲ့ပါသည်။ မူရင်းဇာတ်တော်တွင် သားတော်သမီးတော်တို့ ဖွားမြင်ကြောင်း မပါဝင်သော်လည်း ပျို့တွင်သားတော် နှင့်သမီးတော်နှစ်ပါးဖွားမြင်ကြောင်း ဖြည့်စွက်၍ ဇာတ်လမ်းကို အကျယ်ချဲ့ထားပါသည်။ သားတော်ကို ဖွားမြင်ရာတွင် နတ်ပန်းပွင့်သည် အညာမှလွတ်ကာ ကြွေကျလာသကဲ့သို့ဖြစ်ကြောင်းကို "**ညာလွတ် ချပ်ပြေ၊ နတ်ပန်းကြွေသို့**" ဟူ၍လည်းကောင်း၊ သမီးတော်သည် ပုလဲလုံးများကဲ့သို့ ဖြူဖွေးနုနယ်၍ လှပတင့်တယ်ကြောင်းကို "**ရတနာမုတ္တာ၊ မူးမကသို့**" ဟူ၍လည်းကောင်း ဇာတ်လမ်းပါ အကြောင်း အရာကို နှစ်သက်ဖွယ်ဖြစ်အောင် လိုက်ဖက်သည့် ဥပမာအလင်္ကာများကို သုံးနှုန်းရေးဖွဲ့ထားပါသည်။ ထို့ပြင် "**အင်္ဂါ ညီညွတ်၊ ယောကျ်ားမြတ်**"၊ "**နုနယ်ထွတ်ရွှတ်၊ သမီးမြတ်**"၊ "**မျက်နှာမြင်**"၊ **ချမ်းသာဖွား**"၊ "**ကြက်သရေ တိုက်ဝှမ်း၊ မယ်တော်ဝမ်း**"၊ "**အလှဆန်းကြယ်၊ လွန်တင့်တယ်**" စသည့် စကားအသုံးအနှုန်း အဖွဲ့အနွဲ့များသည် ဇာတ်လမ်းပါ အကြောင်းအရာကို ပိုမိုပေါ်လွင်နှစ်သက်စေကြောင်း တွေ့နိုင်ပါသည်။ ထို့ကြောင့် ဥပရာဇာနှင့် သူဇာမင်းသမီးတို့တွင် ချစ်ခင်နှစ်သက်ဖွယ် သားသမီးများ မွေးဖွား၍ သာယာ ချမ်းမြေ့ဖွယ် မိသားစုဘဝကို ဖန်တီးထားသဖြင့် မူလချစ်မေတ္တာ ဇာတ်လမ်းကိုပို၍ စိုပြည်ပေါ်လွင် စေသော ဇာတ်လမ်း အပြောက်အမွမ်းအဖွဲ့ ဖြစ်ပါသည်။

> **ပုဏ္ဏားသည်လျှင်၊ ဝိတ်ထည်ခါသာ၊ မာတရာဘက်၊ ငွေရွက်စားများ ၊တံစိုးစား၍၊ နိုင်သားရှိလျက်၊ နှိပ်စက်ရှုံးစေ၊ ဆင်ခြေမလှ၊ ရှုံးရမည်သူ၊ နိုင်စေဟူ၍၊ ကောက်ယူ ကတ်သတ်၊ ဓမ္မသတ်ကျမ်း၊ မိန့်တော်တမ်းလျက်၊ စဉ်လှမ်းစွဲသုံး၊ စီရင်ထုံးကို၊ နှလုံးမထား၊ လောဘအားဖြင့်၊ မှောက်မှားစီရင်၊ အလွဲဆင်သော်၊ တိုင်းခွင်ဝန်းလျား၊ ပြည်သူများတို့၊ မင်းနားရောက်တိုင်း၊ မပေါက်နိုင်ရှာ၊ ကြံရာခဲအင်၊ ကြွေးတင်ကျွန်ဖြစ်၊ သားနှစ်မြေးမွန်း၊ ကြေးပန်းငွေကုန်၊ ဆူမှုန်ဝမ်းမှာ၊ မသက်သာလျက်** (၁၉၆၁၊ စာ-၃၈)

ဟူ၍ရေးဖွဲ့ခဲ့ပါသည်။ ထိုအကြောင်းကို ဥပရာဇာအိမ်ရှေ့မင်းကသိသောအခါ မှန်မှန်ကန်ကန် ဆုံးဖြတ် ပေးကြောင်း ပျို့တွင် "**မှုသည်များကို၊ လျင်လျားခေါ်မြောက်၊ အညီရောက်မှ၊ နှည်နှောက် စင်မော၊ စစ်ဆေးကြော၍၊ သဘောဖြောင့်မတ်၊ မျဉ်းခတ်သော့သွင်၊ ရွှေချိန်ခွင်သို့၊ စီရင်ကောက်ယူ၊ ဖြတ်တော် မူသော်**" (၁၉၆၁၊ စာ-၃၉) ဟူ၍ရေးဖွဲ့ထားပါသည်။ ထိုအဖွဲ့တွင် ခမည်းတော်၏ ပုဏ္ဏားသည် ဓမ္မသတ်

ကျမ်းများကို လိုက်နာမှုမရှိဘဲ လောဘနောက်သို့သာ လိုက်နေကြောင်း “**စီရင်ထုံးကို၊ နှလုံးမထား၊ လောဘအားဖြင့်**”၊ ဥပရာဇာသည် အမှုအကြောင်းကို စေ့စပ်အောင် မေးမြန်းစစ်ဆေးပုံကို “**နှယ်နှောက် စင်မော၊ စစ်ဆေးကြော၍**”၊ အမှုများကိုချိန်ခွင်ကဲ့သို့ မှန်မှန်ကန်ကန် ဆုံးဖြတ်ကြောင်း “**မျဉ်းခတ် သော့သွင်၊ ရွှေချိန်ခွင်သို့**” ဟူ၍ အကြောင်းအရာကို ပေါ်လွင်စေသော အပြောက်အမွမ်း အဖွဲ့အနွဲ့များကို တွေ့ရပါသည်။ ထို့ပြင်မူလဇာတ်တွင် မပါဝင်သော ဇာတ်လမ်းဇာတ်ကွက်များကို ပြောင်းလဲ၍ အပြောက် အမွမ်း ဖွဲ့ဆိုထားပါသည်။ မမှန်မကန်ဆုံးဖြတ်ပေးသော ပုဏ္ဏားနှင့် မှန်မှန်ကန်ကန် ဆုံးဖြတ်ပေးသော ဥပရာဇာအိမ်ရှေ့မင်းတို့၏ အားပြိုင်မှုသဘောကို တွေ့ရသည်။ ဇာတ်လမ်းကို အကျိုးသင့် အကြောင်း သင့် ဖြစ်စေသော၊ သိလိုစိတ်ကို နှိုးဆွပေးသောဇာတ်လမ်း အပြောက်အမွမ်း အဖွဲ့ဖြစ်ပါသည်။

မူလသုဓနုကုမာရဇာတ်တော်တွင် မနောဟရီမင်းသမီးသည် မိမိကိုယဇ်ပူဇော်မည်ဟု သိသော အခါ ကေလာသတောင်သို့ ပြန်သွားလေသည်။ သုဓနုမင်းသားစစ်နိုင်၍ တိုင်းပြည်သို့ ပြန်လာသောအခါ မိဖုရားမနောဟရီနောက်သို့ လိုက်ရန်ဆုံးဖြတ်ခဲ့သည်။ လမ်းခရီးတွင် သုဓနုမင်းသားသည် ရသေ့နှင့် တွေ့သောအခါ မနောဟရီက ရှေ့ဆက်မလိုက်ရန် မှာကြားထားခဲ့ ကြောင်း ရသေ့က မိန့်ဆိုပုံကို

> **မင်းသားသင်၏ဇနီး မနောဟရီကို တွေ့ပါသည်။ သို့သော်သင်လာလျှင် ဤနေရာမှ နောက်သို့သာ ပြန်သွားပါ၊ ရှေ့သို့ဆက်၍ မလိုက်ပါနှင့်ဟု မှာသွားပါသည်။ တကာမင်း သည် လိုက်မည်ဆိုလျှင်လမ်းတွင် ထွေပြားဘေးများခဲ့သည် ဖြေဆည်သာယာ တားမြစ် ပါဟု ငိုရှာလျက်ပင် ဦးတင်ပန်ထွာမှာခဲ့ရှာ၏**
>
> (ဇင်းမယ်ပဏ္ဏာသ၊၂၀၁၄၊ စာ-၁၀၂)

ဟူ၍ ရေးသားထားပါသည်။

ပျို့တွင်မူရသေ့သည် သူဇာမင်းသမီးမှာကြားထားသည့် စကားတို့အပြင် ဥပရာဇာကို မိန်းမ အတွက် မိမိကိုယ်ကို အပျက်မစီးမခံသင့်ကြောင်း၊ မိန်းမတို့၏အလှသည် အပေါ်ယံအလှသာ ဖြစ်ကြောင်း၊ မစင်အိုးနှင့်တူကြောင်း ဆုံးမသည့်စကားများကို “**တကာ့မြောက်သား၊ မိဖုရားသည်၊ ရွှေသားလိမ်းကျံ၊ အပေါ်မံသည်၊ ညှီနံ့ပုပ်သိုး၊ မစင်အိုးနှင့်၊ တူရိုးပမာ၊ မှျသည်သာတည့်၊ ရွှေတာ ကျောက်စီ၊ ထဘီ-တဘက်၊ ပြိုးပြိုးပြက်ကြောင့်၊ စုံမက်ဘွယ်ပေ၊ သရေပေါ်ယောင်၊ အလှဆောင်သည်**" (၁၉၆၁၊ စာ-၁၀၃) ဟူ၍လည်းကောင်း မမြဲသောအနိစ္စသဘောကို ဆင်ခြင်ရန် “**ထိုကြောင့်ပက်ပ၊ အနိစ္စသာ၊ မြဲစွာမကျ၊ ဒုက္ခမှန်စွာ၊ ချမ်းသာမရ၊ အနတ္တသာ၊ ငါဟုမှတ်ဆို၊ ကိုယ်မဟုတ်ပါ၊ လက္ခဏာ တရား၊ သည်သုံးပါးကို၊ ဖန်များစိတ်ကျ ၊ နေ့ညမချ၊ ဒါယကာမင်း၊ နှလုံးသွင်းလော့**” (၁၉၆၁၊ စာ-၁၀၄) ဟူ၍ရသေ့၏ ဆုံးမစကားတို့ကို အပြောက်အမွမ်းခြယ် ရေးဖွဲ့ထားပါသည်။ မိန်းမတို့၏ အလှ၏ အပြစ်ကို ဥပမာပေးရာတွင် ဝိဘစ္ဆရသ မြောက်လာသည်။ ပုပ်သိုးနေသော မစင်အိုးနှင့်တူကြောင်း “**ညှီနံ့ပုပ်သိုး၊ မစင်အိုးနှင့်**” ဟူသည့်ထိမိသည့် ဥပမာအလင်္ကာအဖွဲ့များကို တွေ့ရသည်။ သူဇာသည် ရွှေနှင့်ကျောက်တို့ ဖြင့် တန်ဆာဆင်ထားသည့် အဝတ်အစားများကြောင့် စုံမက်ဖွယ် ဖြစ်နေကြောင်း "**ရွှေတာ ကျောက်စီ၊ ထဘီ-တဘက်၊ ပြိုးပြိုးပြက်ကြောင့်၊ စုံမက်ဘွယ်ပေ**” ဟူသော သရုပ်ဖော်အဖွဲ့များကိုလည်း ရေးဖွဲ့ထားပါ သည်။ ရသေ့သည်အမျိုးမျိုး ဖျောင်းဖျဆုံးမလိုက် ဥပရာဇာက ငြင်းပယ်လိုက်ဖြင့် ဇာတ်ရှိန်မြင့်လာသည်။

အားပြိုင်မှုဖြစ်လာသည်။ သူဇာမင်းသမီးအတွက် မည်သည့်အခက်အခဲကိုမဆို ဖြတ်ကျော်ရင်ဆိုင်မည့် ဥပရာဇာ၏ စိတ်နှလုံး အမူအရာတို့ ထင်ရှား ပေါ်လွင်လာစေသော ဇာတ်လမ်း အပြောက်အမွမ်းအဖွဲ့များ ဖြစ်ပါသည်။

**ဇာတ်ဆောင်အပြောက်အမွမ်း**

သူဇာပျို့တွင် ရာဇိန္ဒရာဇ်မင်းကြီး၊ နရိန္ဒဒေဝီမိဖုရားကြီး၊ ဥပရာဇာအိမ်ရှေ့မင်း၊ ဒေဝိန္ဒရာဇ်နတ်မင်းကြီး၊ အတုလဒေဝတာ မိဖုရားကြီး၊ သမီးတော်များ ဟာရီ၊ စိတ္တာ၊ ရာမာ၊ ကညာ၊ ရမ္မာ၊ ပိယာ၊ သူဇာ စသည့်ကိန္နရီခုနစ်ဦး၊ ကက္ခလိစ္ဆမုဆိုး၊ သုဒ္ဓါစာရ ရသေ့ ၊ ပုရောဟိတ်ပုဏ္ဏား စသည်ဖြင့် ဇာတ်ဆောင် အများအပြား ပါဝင်ပါသည်။ ထိုဇာတ်ဆောင်များတွင် ဥပရာဇာအိမ်ရှေ့မင်းနှင့် သူဇာမင်းသမီး တို့သည် အဓိကဇာတ်ဆောင်များဖြစ်ပါသည်။ အဓိကဇာတ်ဆောင် ဥပရာဇာ အိမ်ရှေ့မင်းနှင့် သူဇာမင်းသမီးတို့၏ ဇာတ်ဆောင် အပြောက်အမွမ်းအဖွဲ့များကို လေ့လာ တင်ပြပါမည်။

**ဥပရာဇာအိမ်ရှေ့မင်းသား**

စာဆိုသည် မူလဇာတ်တော်တွင် သုဓနုမင်းသားကို ပျို့တွင် ဥပရာဇာအိမ်ရှေ့မင်းအဖြစ် ပြောင်းလဲ အမည်ပေးခဲ့သည်။ ရုပ်ရည်ချောမောလှပ၍ လေးအတတ်တွင် တစ်ဖက်ကမ်းရောက်အောင် ကျွမ်းကျင် ပုံမှာ မူလဇာတ်နှင့် တူညီမှုရှိပါသည်။

သုဓနုမင်းသားသည် မနောဟရီကို အဝေးမှ လှမ်းမြင်သောအခါ ရေးရေစက်ကြောင့် ချစ်ခင် နှစ်သက်ပုံကို မူလသုဓနုကုမာရဇာတ်တော်တွင် "**သုဓနုမင်းသားသည် အဝေးမှလာသော မုဆိုးနှင့် မနောဟရီကို တွေ့မြင်ရသောအခါ ရေးကရေစက်ကြောင့် ချစ်ခင်စုံမက်သော စိတ်ရှိလေသည်။**" (၂၀၁၄၊ စာ-၉၃) ဟူ၍ သုဓနုမင်းသာ မနောဟရီမင်းသမီးအပေါ် ထားသော သဘောထားကို သာမန်မျှ ရေးဖွဲ့ထား ပါသည်။

ထိုအကြောင်းကို သူဇာပျို့တွင်

> **ကိုယ်လုံးထိန့်မျှ၊ တုန်ရိုက်ကလျှင်၊ လက်လှသန္တာ၊ နှဖြူဝါကို၊ ဆိတ်စာသာကြည်၊ ကိုင် တော့မည်ဟု၊ ဆောက်တည်မှတ်နေ၊ ကိုင်တည့်ချေသော်၊ ထူးထွေကျူး၍၊ နတ် အတွေ့ကြောင့်၊ ချမ်းမြေ့ကိုယ်လုံး၊ ပတ်ကုံးစိမ့်စိမ့်၊ ကြောခြင်ငြိမ့်မျှ၊ နှစ်သိမ့်မိန်းမော၊ စောလျက်မှိုင်ကာ၊ မနည်းကြာမှ၊ လွန်စွာပြင်းလှ၊ တပ်ရာဂဖြင့်၊ ယုယစုံမက်၊ ပြေးတည့် ဘက်လျှင်၊ အဆက်များစွာ၊ သံသရာက၊ လှူဒါပုညာ၊ ကံဆုံကြ၍၊ ချစ်ရတော့မည်**
> (၂၆-၁၉၆၁၊ စာ)

ဟူ၍ဖွဲ့ဆိုထားပါသည်။ ဥပရာဇာသည် သူဇာမင်းသမီး ဖြူဖွေးနုနယ်သောလက်ကို ကိုင်သောအခါ နတ်အထိအတွေ့ကြောင့် နှစ်သက်မိန်းမောသွားရသည်။ ရေးဘဝကကုသိုလ် အတူပြုခဲ့သောကြောင့် ယခုဘဝတွင် ချစ်ခင်စုံမက်ရသူဖြစ်လာကြောင်း ရေးဖွဲ့ထားပါသည်။ ဥပရာဇာနှင့် သူဇာမင်းသမီးတို့ တွေ့ဆုံခန်း ကို ပိုဒ်ရေ (၄၄)၊ (၄၅)၊ (၄၆)၊ (၄၇)၊ (၄၈) ထိ ပိုဒ်ရေ (၅)ပိုဒ်ခန့် ချဲ့ထွင်ထားပါသည်။ ထိုအဖွဲ့တွင် "**ကိုယ်လုံးထိန့်မျှ**"၊ "**ပတ်ကုံးစိမ့်စိမ့်၊ ကြောခြင်ငြိမ့်မျှ**"၊ "**နှစ်သိမ့်မိန်းမော၊ စောလျက်မှိုင်ကာ**"

စသည့် စကားအသုံးအနှုန်းများသည် သူဇာမင်းသမီး၏ အလှကို မြင်၍ ဖြစ်ပေါ်လာသော ဥပရာဇာ၏ ခံစားချက်ကို ပေါ်လွင်စေသည့် စကားအသုံးအနှုန်း အပြောက်အမွမ်းများဖြစ်သည်။ မိမိချစ်မိသူကို မြင်လျှင် ဖြစ်တတ်သည့် လူ့သဘာဝကို ပေါ်လွင်စေသည်။ ဇာတ်ဆောင် ဥပရာဇာ၏ လူငယ်ပီပီ ချစ်သူကို ပိုက်ထွေး ယုယချင်သော အမူအရာသရုပ်ကိုလည်း ပေါ်လွင်စေသော ဇာတ်ဆောင်အပြောက် အမွမ်းအဖွဲ့ဖြစ်ပါသည်။

မူလသုဓနုကုမာရဇာတ်တွင် သုဓနုမင်းသားသည် စစ်နိုင်၍ပြန်လာသောအခါ မယ်တော်ကို မနောဟရီမင်းသမီးအကြောင်း မေးမြန်းလျှောက်ထားကြောင်း "**မယ်တော် သားတော်၏ မနောဟရီသည် ဘယ်သို့သွားပါသနည်း၊ သားတော်၏ စိတ်နှလုံးသည် ဆိပ်လူးမြားဒဏ် အပစ်ခံရသကဲ့သို့ ကြေမွပျက်ပြုန်းယူကြုံးမရ ခံစားနေရပါသည်။**" (၂၀၁၄၊ စာ-၁၀၁) ဟူ၍ မနောဟရီကို မတွေ့ရ၍ ဖြစ်ပေါ်လာသော စိတ်ခံစားမှုကို သာမန်မျှသာ ရေးသားထားပါသည်။ ထိုအကြောင်းကို ပျို့တွင် ဥပရာဇာ၏ ခံစားချက်များကို "**ကြိုးစားဆောက်တည်၊ ကျွန်တော်သည်လျှင်၊ မြွေးလည်တဏှာ၊ အနာသဝါ၊ မဟုတ်ပါဘူး၊ ရာဂါဒေါသ၊ မောဟစိတ်၊ သိသည့်ချက်ကို၊ ငြိမ်သက်စိမ့်မည်၊ ဖြေဆည်ပြီးတိုင်၊ မတတ်နိုင်ပါ**" (၁၉၆၁၊ စာ-၉၃) ဟူ၍လည်းကောင်း "**ဘယ်ရွာ ဘယ်မြို့၊ ဘယ်သို့ရှေ့ရှည်၊ ရောက်လိမ့် မည်မျှ၊ မသိရ၍၊ စိတ်ချကျွန်တော်၊ ဖြေဖျော်တားဆည်၊ မနေတည်ခဲ့**" (၁၉၆၁၊ စာ-၉၃) ဟူ၍လည်းကောင်း အပြောက်အမွမ်း ခြယ်ခဲ့ပါသည်။ ဥပရာဇာသည် မိမိမှာတဏှာရာဂကင်းစင်သော အနာဂါမ်၊ ရဟန္တာ ပုဂ္ဂိုလ်ကဲ့သို့ မဟုတ်သေးပါ။ ဒေါသ၊ မောဟ၊ ရာဂတရားတို့ကို သိမြင်၍တရားနှင့် ဖြေသော်လည်း မပျောက်နိုင်ကြောင်းဖွဲ့ဆိုသည်။ ဇနီးအပေါ်စိုးရိမ်ကြီး၍ စိတ်မချနိုင်သော ဥပရာဇာ၏စိတ်သဘောကို ပေါ်လွင်ထင်ရှားလာစေသော ဇာတ်ဆောင် အပြောက်အမွမ်းဖြစ်ပါသည်။ ကရုဏာရသကို ပေးစွမ်းနိုင်သော ဇာတ်ဆောင် အပြောက်အမွမ်းအဖွဲ့ ဖြစ်ပါသည်။

**သူဇာမင်းသမီး**

မူလသုဓနုကုမာရဇာတ်တော်တွင် စာဆိုသည် မနောဟရီမင်းသမီးကို သူဇာမင်းသမီးဟူ၍ အစားထိုးရေးဖွဲ့ခဲ့ပါသည်။ မူလဇာတ်တွင် မနောဟရီသည် သမီးကြီးဖြစ်သော်လည်း သူဇာပျို့တွင် သမီးတော်အထွေးဆုံးအဖြစ် ပြောင်းလဲရေးဖွဲ့ခဲ့ပါသည်။ သူဇာမင်းသမီးသည် သားတော်သမီးတော်တို့ကို ဖွားမြင်ကြောင်း ဖြည့်စွက်ထားပါသည်။

မူလသုဓနုကုမာရဇာတ်ဝတ္ထုတွင် ကက္ခလိစ္ဆမုဆိုးသည် မနောဟရီကို သုဓနုမင်းသား၏ ကြင်ယာတော်အဖြစ် ဆက်သရန် ခေါ်ဆောင်လာခဲ့ပုံကို **"သုဓနုမင်းသား၏ အလုပ်အကျွေး ဇနီးမယားအဖြစ် ပေးအပ်ရန်သာ စိတ်ဆန္ဒစောပြီး ခေါ်ဆောင်လာခဲ့သည်"** ၂၀၁၄၊ စာ-၉၃) ရေးသားထား ပါသည်။ ပျို့တွင်ကက္ခလိစ္ဆမုဆိုးသည် မိမိဆန္ဒကြောင့် ခေါ်ဆောင်ရန်မဟုတ်ကြောင်း ဥပရာဇာထံဆက်သရန် ဖမ်းလာကြောင်းပြောပြခဲ့သည်။ မုဆိုး၏စကားကို ကြားရသောအခါ သူဇာမင်းသမီး၏ စိတ်ခံစားမှုအခြေအနေကို ပျို့တွင်

**မုဆိုးဆိုသည်၊ ရွှန်းပျိုပွင့်လျာ၊ မဟာဥပရာဇာ၊ သာသည်မည်ခေါ်၊ နာမတော်ကို၊**
**ရွှေလှော် ဆင်းပြင်၊ မင်းရှင်ဖြူအိ၊ ကြားသည်ရှိသော်၊ ဇာတိရှည်စွာ၊ သံသရာ မြတ်ပါရမီ၊**

> **ဆယ် သုံး လီ ကို၊ တူပြိုစုံမက်၊ ဖြည့်ကြဘက်လျှင်၊ ဆက်ဆက်မှန်စွာ၊ ဝါသနာထုံငွေ့၊ လှိုင်ပျံ့၍တည့်၊ အိမ်ရှေ့မဟာဥပရာတို့၊ မေတ္တာလွန်ပြင်း၊ ကြင်နာခြင်းသည်၊ ရိုးတွင်းဝယ်သာ၊ ခြင်ဆီမှာ၌၊ သေချာစွဲနေ၊ တည်လျှင်းလေ၏** (၁၂-၁၉၆၁၊ စာ)

ဟူ၍ အပြောက်အမွမ်းဖွဲ့ထားပါသည်။ အတူတူပါရမီ ဖြည့်ခဲ့ဖူးသော အထုံဝါသနာကြောင့် အမည် ကြားရုံမျှဖြင့် မေတ္တာသက်ဝင်မိကြောင်း၊ ရိုးတွင်းခြင်ဆီအထိ စွဲမြဲအောင်ချစ်မိကြောင်း သူဇာ မင်းသမီးလေး၏ခံစားချက်ကို အပြောက်အမွမ်းခြယ်ထားပါသည်။ သူဇာမင်းသမီး၏ခံစားမှု အမူအရာ များကို "**ဝါသနာထုံငွေ့၊ လှိုင်ပျံ့၍တည့်**" ဟူသော သမာဓိဂုဏ်မြောက်သော အဖွဲ့၊ "**မေတ္တာ လွန်ပြင်း၊ ကြင်နာခြင်းသည်၊ ရိုးတွင်းဝယ်သာ၊ ခြင်ဆီမှာ၌**" ဟူသော အတိသယဝုတ္တိ အလင်္ကာမြောက်အဖွဲ့များက ပေါ်လွင်စေပါသည်။ သိင်္ဂါရရသ မြောက်သော အဖွဲ့ဖြစ်ပါသည်။

မူရင်းသုဓနုကုမာရဇာတ်တွင် သုဓနုမင်းသားနှင့် မနောဟရီမင်းသမီးတို့သည် ထိမ်းမြားမင်္ဂလာ ကျင်းပပြီး မနောဟရီမင်းသမီးဖြင့်သာ နတ်စည်းစိမ်ကဲ့သို့ ခံစားကြပုံကို "**အခြားမိဖုရားများထံ သွားရောက်ကြည့်ရှုမြတ်နိုးခြင်းမရှိတော့ဘဲ မနောဟရီမင်းသမီးနှင့်သာ နတ်ချမ်းသာ ခံစားလျက် နေလေသည်**" (၂၀၁၄၊ စာ-၉၄)ဟူ၍ ရေးသားထားပါသည်။ ပျို့တွင်မူ ဥပရာဇာနှင့် သူဇာမင်းသမီးတို့ လက်ထပ်ပြီး နှစ်ဦးသားစကား လက်ဆုံပြောကြပုံကို "**ပူပင်ငြင်ငြို၊ ကျွန်မကိုလေ၊ ဟိုမုဆိုးပ၊ ဘမ်းမိစက၊ ကျွန်မစိတ်မှာ၊ မကြာလျှင်တောင်း၊ ဘယ်အကြောင်းကြောင့်၊ ငံ့စောင်းမဆည်၊ သေရမည်ဟု၊ ကြံစည် စိတ်ထဲ၊ အမြဲသေချာ၊ အောက်မေ့ရာတွင်**" ဟူ၍ ရေးဖွဲ့ထားရာ သူဇာမင်းသမီးလေး၏ ဥပရာဇာကို ချစ်တတ်ပြီး ချစ်စဖွယ်ပြောဆိုတတ်သောစရိုက် ပေါ်လွင်လာသည်။ သိင်္ဂါရသမြောက်လာသည်။ မိန်းကလေးပီပီ ချစ်သူနားတွင် ချွဲနွဲ့ပြောဆိုနေသော ဟန်အမူအရာကို သက်ဝင်လှုပ်ရှား လာစေသော ဇာတ်ဆောင်အပြောက်အမွမ်းဖြစ်ပါသည်။

**နောက်ခံဝန်းကျင်အပြောက်အမွမ်း**

မူရင်းသုဓနုကုမာရဇာတ်တော်တွင် နောက်ခံဝန်းကျင်အဖွဲ့များကို သာမန်မျှ ရေးသားထားသော် လည်း စာဆိုသည် သူဇာပျို့တွင် နောက်ခံဝန်းကျင်အဖွဲ့များကို စိတ်မျက်စိတွင်မြင်ယောင်လာ အောင်၊ နှစ်သက်ဖွယ်ဖြစ်အောင် အပြောက်အမွမ်း ခြယ်ထားပါသည်။

မူလသုဓနုကုမာရဇာတ်တော်တွင် ဥတ္တရပဉ္စလတိုင်းကို "**ဥတ္တရပဉ္စလတိုင်းတွင် အာဒိစ္စဝံသ မင်းကြီးသည် မင်းကျင့်တရားနှင့် အညီမင်းပြု၍**" (၂၀၁၄၊ စာ-၈၆) ဟူ၍ သာမန်မျှ ရေးသားထားပါသည်။

ပျို့တွင်မူ ဥတ္တရပဉ္စလတိုင်းသည်ဇေယျပူရပြည် ဖြစ်လာသည်။ ဇေယျပူရပြည်၏သာယာ စည်ကားပုံကို

> **ထွန်းပေါ်စည်လှ၊ ဇေယျပူရ၊ နာမတွင်မည်၊ ပြည်ကြီးသည်ကား၊ တမည်မချို့၊ မြို့၏ အင်္ဂါ၊ စုံစွာထူးပြား၊ တံခါးတရာ၊ သာသည် ခြောက်ထပ်၊ နတ်ရပ်ဌာန်လည်း၊ မလွန် စင်စစ်၊ ရည်တူဖြစ်၍၊ သစ်သစ် ထပ်ပွား၊ လူမျိုးပြားတို့၊ များသည်ဖြင်ပည်း၊ စုပေါင်း စည်း၏။** (၂-၁၉၆၁၊ စာ)

ဟူ၍ ရေးဖွဲ့ထားပါသည်။ ဇေယျပူရပြည်သည် ကျုံးမြောင်း၊ တံတိုင်း၊ ပစ္စင်၊ ရင်တား၊ တံခါး၊ သူရဲခိုး အစရှိသည့် မြို့၏ အင်္ဂါရပ်များဖြင့် ပြည့်စုံသော မြို့ဖြစ်ကြောင်း၊ စတုမဟာရာဇ်၊ တာဝတိံသာ၊ ယာမာ၊ တုသိတာ၊ နိမ္မာနရတိ၊ ပရနိမ္မိတဝသဝတ္တီဟူသော နတ်ပြည်ခြောက်ထပ်ကဲ့သို့ သာယာသောမြို့ဖြစ်ကြောင်း၊ လူမျိုးပေါင်းစုံ လာရောက်မှီတင်းနေထိုင်ရကြောင်း မြင်ယောင်လာအောင် ဒေသနောက်ခံဝန်းကျင်ကို အပြောက်အမွမ်း ရေးဖွဲ့ထားပါသည်။

မူလသုဓနုကုမာရဇာတ်တော်တွင် ကိန္နရီခုနစ်ဖော်တို့သည် အခြွေအရံတစ်ထောင်ခြံရံ၍ ရေကစားသွားကြောင်းကို

**ထိုနေ့သည်ကား လပြည့်နေ့ညဖြစ်လေသည်။ ကေလာသတောင်ထွတ်၌နေသော ဒုမရာဇ် မင်းကြီး၏သမီးများဖြစ်ကြသော ကိန္နရီခုနစ်ဖော်တို့သည် အခြွေအရံ တစ်ထောင်တို့နှင့်အတူ ကောင်းကင်မှ ပျံလာပြီးလျှင် ထိုရေကန်၌ သက်ဆင်းကြသည်။**

(၂၀၁၄၊ စာ-၉၀)

ဟူ၍ ရေးသားထားပါသည်။ သုဓာပျို့တွင် ကိန္နရီခုနစ်ဖော်တို့ ရေကစားသွားကြသည့် အချိန်ကို

**"မှိုင်းပျမင်းလွင်၊ အုံ့ဆင်တိမ်သား၊ သွားလာချင်ဖွယ်၊ တစ်နေ့ဝယ်နိုက်၊ တင့်တယ်ထွေဆန်း၊ ဆွတ်ပန်းရေကြည်၊ ကစားမည်ကို"** (၁၉၆၁၊ စာ-၇) ဟူ၍ အပြောက်အမွမ်း ဖွဲ့ဆိုထားပါသည်။ ကိန္နရီခုနစ်ဖော်တို့သည် မြူခိုးများ မှိုင်းပျနေသော အချိန်၊ ကောင်းကင်တွင် တိမ်များ ယှက်သန်းနေပြီး သွားလာလည်ပတ်ရန် ရာသီဥတုသာယာသောတစ်နေ့တွင် ရေကစားရန် ဖခမည်းတော်ကို ခွင့်ပန်ကြောင်း အချိန်ကာလနောက်ခံဝန်းကျင်ကို ဖွဲ့ဆိုထားသည်။ ထိုအဖွဲ့တွင် "**မှိုင်းပျမင်းလွင်၊ အုံ့ဆင်တိမ်သား**"၊ "**ဆွတ်ပန်းရေကြည်၊ ကစားမည်ကို**" ဟူသည့် လိုက်ဖက်သည့် စကားအသုံးအနှုန်း များသည် နောက်ခံဝန်းကျင်ကို ပေါ်လွင်စေသည်။ မူလဇာတ်တော်တွင် လပြည့်ညဟူ၍ သာမန်မျှသာ ဆိုထားသော်လည်း ပျို့တွင်စာဆိုသည် ရေကစားရန်လိုက်ဖက်သောအချိန်ကို အပြောက်အမွမ်း ခြယ်သထားသဖြင့် နှစ်သက်ဖွယ် ဖြစ်လာပါသည်။

မူလဇာတ်တော်တွင် ရသေ့သည် သုဓနုမင်းသားကို မနော်ဟရီမှာကြားခဲ့သည့်အတိုင်း ပြန်လည်မိန့်ကြားပုံကို "**ရှေ့သို့ ဆက်မလိုက်ပါနှင့်ဟု မှာသွားပါသည် အကယ်၍ ရှေ့ကိုဆက်၍ လိုက်မည်ဆိုပါလျှင်သွားရမည့်လမ်းတွင် ဘီလူးယက္ခ ဂန္ဓဗ္ဗတို့ပေါ်များ၍ သွားရန်ခက်ပါသည်**"(၂၀၁၄၊ စာ-၁၀၂) ဟူ၍ ရေးသားထားပါသည်။

ပျို့တွင် ရသေ့သည် ဥပရာဇာမင်းသားကို သုဇာမင်းသမီးနောက်သို့ လိုက်ပါက လမ်းခရီးတွင် ရင်ဆိုင်ရမည့် ဘီးလူးတို့အပြင် ဟိမဝန္တာတော၏ ခက်ခဲကြမ်းတမ်းပုံ အခြေအနေကို မိန့်ဆိုရာတွင်

**ဟေဝန္တာကား၊ ငါးရာအစောက်၊ မောက်မောက်ဆောင်းဆောင်း၊ ရှစ်သောင်းလေးထောင်၊ အထွတ်ဆောင်လျက်၊ ကုန်အောင်ခဲခက်၊ ချောင်ရှိုက်သက်နှင့်၊ သစ်ခက်ပေါင်းလည်း၊ အပည်းပည်းတိ၊ မြက်မည်းတောကြီး၊ ပိတ်ဖြီးဝါးရုံ၊ စေးချုံအင်တိုင်း၊ ပြိုင်းရရိုင်းတည့်၊**

**သစ်ကျိုင်း မြိုင်နက်၊ အရှက်ရှက်နှင့်၊ တက်သက်ခဲအင်၊ ကျားဆင်ခြသေ့်၊ တို့ခွေ့မအား၊**
**နဂါး ယက္ခ ကန္တရကို** -သူဇာပျို့၊ ၁၉၆၁၊ စာ)၉၂(

ဟူသော နောက်ခံဝန်းကျင် အပြောက်အမွမ်းကို တွေ့ရသည်။ ဟိမဝန္တာတောသည် ငါးရာသော တောင်စွယ်များ အထပ်ထပ်ကာဆီးထားပါသည်။ လျှိုမြောင်များပေါများသည်။ သစ်တောထူထပ်သည်။ တောကြီးမှာမမြင်ရ အောင် မှောင်မည်းနေသည်။ ဝါးရုံများပိတ်ထားသည်။ ချုံနွယ်များပေါများသဖြင့် ဆင်းရတက်ရ ခက်ခဲလှသည်။ ထို့ပြင် သားရဲတို့အပြင် နဂါး၊ ဘီလူးအစရှိသည့် လူ့အသက်ကို အန္တရာယ် ပေးနိုင်သော သားရဲတို့ရှိသည့် တောကြီး မျက်မည်းဖြစ်ကြောင်း စိတ်မျက်စိတွင် ထင်ယောင် မြင်ယောင် ဖြစ်လာအောင် ရေးဖွဲ့ထားပါသည်။ ထိုအဖွဲ့တွင် "ချောင်ရှိုက်သက်"၊ "မြက်မည်းတောကြီး"၊ "စေးချုံ အင်တိုင်း"၊ "သစ်ကျိုင်းမြိုင်နက်" စသည်ဖြင့် ကြောက်မက် ဖွယ်တောကြီးကို မြင်ယောင်စေသည့် စကားအသုံးအနှုန်းများဖြင့် အပြောက်အမွမ်း ခြယ်ထားပါသည်။ ဘယာနကရသကိုပေးသော နောက်ခံ ဝန်းကျင် အပြောက်အမွမ်းအဖွဲ့ဖြစ်သည်။

## သုံးသပ်ချက်

ဝန်ကြီးပဒေသရာဇာသည် မူရင်းသုဓနုကုမာရဇာတ်ရှိ ဇာတ်လမ်း၊ ဇာတ်ဆောင်၊ နောက်ခံ ဝန်းကျင်တို့ကို စိတ်ကူးဉာဏ်ဖြင့် တန်ဆာဆင် မွမ်းမံထားပါသည်။

စာဆိုသည် မူလဇာတ်တွင်မပါဝင်သော သူဇာမင်းသမီးသည် သားတော်နှင့် သမီးတော်လေး ဖွားမြင်ကြောင်း ဇာတ်ကွက်များကို ဖြည့်စွက်၍အကျယ်ချဲ့ထားသည်။ ရသေ့နှင့်ဥပရာ ဇာအိမ်ရှေ့ မင်းသားတို့၏ အပြန်အလှန်ပြောစကားများ ဖြည့်စွက်ကာ ဇာတ်လမ်းကို အသက်ဝင်လာစေသည်။ မူလဇာတ်လမ်းပါ ဥပရာဇာကို ဖခမည်းတော်၏ ပုဏ္ဏားသည် ရန်ငြိုးထားသော ဇာတ်ကွက်ကို ပြောင်းလဲ ထားသော အပြောက်အမွမ်းကြောင့် ဇာတ်လမ်းအားကောင်းလာပါသည်။ ဇာတ်လမ်းကိုပေါ်လွင်စေ သော စကားအသုံးအနှုန်းအဖွဲ့များဖြင့် အပြောက် အမွမ်းဖွဲ့ထားသည်။ ဇာတ်လမ်းကိုအကျိုးသင့် အကြောင်းသင့် ဖြစ်အောင်ပံ့ပိုးပေးသည်။ ဇာတ်လမ်းကို ပိုမိုပေါ်လွင်စေကြောင်း တွေ့ရပါသည်။

ဥပရာဇာမင်းနှင့် သူဇာမင်းသမီးတို့၏ မေတ္တာဘွဲ့ အပြောက်အမွမ်းအဖွဲ့မှတစ်ဆင့် သိင်္ဂါရရသ မြောက်စေသည်။ ဥပရာဇာ၏ စိတ်ခံစားချက်များသည် ကရုဏာရသမြောက်စေသည်။ ဇာတ်လမ်းကို နှစ်သက်ဖွယ် ဖြစ်လာစေပြီး စိုပြည်ပေါ်လွင်လာစေသည်။ ပုဏ္ဏားနှင့်ဥပရာဇာ၊ ရသေ့နှင့်ဥပရာဇာတို့၏ အားပြိုင်မှုကို ဖြစ်စေပြီး ဇာတ်လမ်းကို စိတ်ဝင်စားလာစေကြောင်း တွေ့ရပါသည်။

ဇာတ်ဆောင်များကို အပြောက်အမွမ်းပြုရာတွင် ဥပရာဇာနှင့် သူဇာမင်းသမီးတို့ကို ပိုမိုရုပ်လုံး ကြွလာအောင် တန်ဆာဆင်ရေးဖွဲ့ထားပါသည်။ ဥပရာဇာနှင့်သူဇာမင်းသမီးတို့၏ အပြန်အလှန် ချစ်မြတ်နိုးကြသော စိတ်နေစိတ်ထား ခံစားချက်အမူအရာများကို မူလထက် အသက်ဝင် လာအောင် ရေးဖွဲ့ထားသည်။ သိင်္ဂါရရသကိုပေးစွမ်းနိုင်သည်။ ဇာတ်ဆောင်တို့၏ ခံစားချက်အမူအရာကို ပေါ်လွင် စေသည့် စကားလုံးအဖွဲ့အနွဲ့များလည်း အပြောက်အမွမ်းအဖြစ် တွေ့နိုင်သည်။ ဥပရာဇာ မင်းသား၏

ယောက်ျားကောင်းယောက်ျားမြက်တို့၏စရိုက်၊ သူဇာမင်းသမီး၏ ချစ်ခင်နှစ်သက်ဖွယ် ပြောတတ်ဆိုတတ်သောစရိုက်တို့ကို ထင်ရှားအောင် ပံ့ပိုးပေးကြောင်း တွေ့ရပါသည်။

နောက်ခံဝန်းကျင်ကို အပြောက်အမွမ်းရေးဖွဲ့ရာတွင်မူလဇာတ်တော်ပါ ဥတ္တရပဉ္စာလတိုင်း သည်သာမန်မျှပါဝင်သော်လည်း ဖေယျပူရပြည်သည် မြို့၏အင်္ဂါရပ်များဖြင့် ပြည့်စုံသောမြို့ဖြစ်ကြောင်း၊ နတ်ပြည်ခြောက်ထပ်နှင့် တူညီကြောင်း၊ လူအများလာရောက်နေထိုင်ရကြောင်း မြင်ယောင်လာအောင်အပြောက်အမွမ်းဖွဲ့ထားပါသည်။ ကိန္နရီခုနစ်ဖော်တို့ ရေကစားသွားသည့် အချိန်ကိုမူလဇာတ်တော်တွင်မပါဝင်သော်လည်း လိုက်ဖက်ဆီလျော်သော နောက်ခံဝန်းကျင်ကို အပြောက်အမွမ်း ထည့်သွင်းခဲ့ပါသည်။ နောက်ခံဝန်းကျင်ကို ပေါ်လွင်စေသည့် အဖွဲ့အနွဲ့များကိုလည်းတွေ့နိုင်သည်။ ဟိမဝန္တာတောသည် ခက်ခဲကြမ်းတမ်းပြီး အသက်အန္တရာယ် စိုးရိမ်ရသော တောကြီးဖြစ်ကြောင်း မြင်ယောင်လာအောင်ဖွဲ့ဆိုထားကြောင်းတွေ့ရပါသည်။

စာဆိုသည် မူလဇာတ်ဝတ္ထုပါ ဇာတ်လမ်းကို ပိုစိုစိုပြည်လာအောင် စိတ်ကူးဉာဏ်ဖြင့် အပြောက်အမွမ်းရေးဖွဲ့ထားပါသည်။ မူလဇာတ်လမ်းပါ ဇာတ်ဆောင်တို့ကို အသက်ဝင်ပြီး ရုပ်လုံးကြွလာအောင်ဖွဲ့ဆိုထားပါသည်။ နောက်ခံဝန်းကျင် အပြောက်အမွမ်းအဖွဲ့များသည် ထင်ယောင်မြင်ယောင် ဖြစ်လာစေကြောင်းတွေ့ရပါသည်။ ထို့ကြောင့် သူဇာပျို့လာ အပြောက်အမွမ်းအဖွဲ့များသည် ဇာတ်လမ်း၊ ဇာတ်ဆောင်၊ နောက်ခံဝန်းကျင်ကို ပံ့ပိုးပေးကြောင်း အထင်အရှားတွေ့နိုင်သည်။ ထိုအပြောက်အမွမ်းအဖွဲ့များသည် ပျို့ကိုပို၍ နှစ်သက်စေပြီး ရသကိုပေးစွမ်းခံစားစေကြောင်း လေ့လာတွေ့ရှိရပါသည်။

## နိဂုံး

ဝန်ကြီးပဒေသရာဇာသည် သူဇာပျို့တွင် မူလရှိပြီးသား ဇာတ်လမ်း၊ ဇာတ်ဆောင်၊ ကာလဒေသနောက်ခံဝန်းကျင်တို့ထက် ပို၍ပေါ်လွင်ထင်ရှားလာအောင် အပြောက်အမွမ်း ဖွဲ့ဆိုထားခြင်းဖြစ်သည်။ ထိုကဲ့သို့ အပြောက်အမွမ်း ဖွဲ့ဆိုရာတွင် မူလရှိပြီးသား အဖြစ်အပျက်အကြောင်းအရာများ၊ ဇာတ်ဆောင်များ၊ ပျို့၏ နောက်ခံဝန်းကျင်တို့ကို စိတ်ကူး အပြောက်အမွမ်း၊ အရေးအဖွဲ့ အပြောက်အမွမ်း တို့ဖြင့် အသက်ဝင် ပီပြင်အောင်ရေးဖွဲ့ထားပါသည်။ စာဆို၏အပြောက်အမွမ်း အဖွဲ့စွမ်းရည်ကြောင့် မူလဇာတ်ဝတ္ထုထက် ပို၍နှစ်သက်မှုရသများ ပေးစွမ်းနိုင်ကြောင်း တွေ့ရ ပါသည်။

## ကျမ်းကိုးစာရင်း

ခင်မင်၊မောင်၊(ဓနုဖြူ) ။ (၂၀၀၉) ။ ***ဘာသာအမြင်စာပေအမြင်*** ။ ရန်ကုန်၊ ပုဂံစာအုပ်တိုက်။

ခင်မမ၊ ဒေါက်တာ။ (၂၀၁၀) ။ ***မင်းပွဲဝင်ပျို့ကဗျာ*** ။ ရန်ကုန်၊ ရွှေကံ့ကော်စာပေ။

ဇော်ဂျီ။ (၁၉၇၈)။ အမှာစာ။ ***ဥမ္မာဒန္တီပျို့*** ။ ရန်ကုန်၊ မြန်မာနိုင်ငံသုတေသနအသင်း။

ပဒေသရာဇာ၊ဝန်ကြီး။(၁၉၆၁)။ ***သုဇာတပျို့။*** ရန်ကုန်၊ ဟံသာဝတီပုံနှိပ်တိုက်။

ဖေမောင်တင်၊ဦး။ (၁၉၈၅)။ ***မြန်မာစာပေသမိုင်း။***(ပဉ္စမအကြိမ်) ။ ရန်ကုန်၊ စံပယ်ဦးစာပေ။

ဘသောင်း၊ဗိုလ်မှူး။(၂၀၀၂)။ ***စာဆိုတော်များ အတ္ထုပ္ပတ္တိ***(ပဥ္စမအကြိမ်)။ ရန်ကုန်၊ရာပြည့်စာအုပ်တိုက်။

ဘုန်းနိုင်၊တက္ကသိုလ် ။(၂၀၂၁)။ ***ဝတ္ထုရှည်စာတမ်းများ***(တတိယအကြိမ်) ။ ရန်ကုန်၊ စာပေဗိမာန်ပုံနှိပ်တိုက်။

မြန်မာစာအဖွဲ့။ (၂၀၂၂)။ ***မြန်မာအဘိဓာန်။*** (တတိယအကြိမ်) ။ ရန်ကုန်၊မြန်မာစာအဖွဲ့ဦးစီးဌာန။

သျှင်သီရိ၊တက္ကသိုလ်၊(ဓမ္မာစရိယ၊ဘီအေ)။(၂၀၁၄) ။ ***ဇင်းမယ်ပဏ္ဏာသ*** ။ ရန်ကုန်၊ ဖြိုးဝေလျှံပုံနှိပ်တိုက်။

သူရိယကန္တိ။(၂၀၁၆)။ ***ဝတ္ထုရေးလိုသော်*** ။(တတိယအကြိမ်)။ ရန်ကုန်၊ စိတ်ကူးချိုချိုစာပေ။

အောင်သင်း။(၂၀၁၇)။ ***ဝတ္ထုရေးရာဆောင်းပါးများ*** (တတိယအကြိမ်) ။ ရန်ကုန်၊ ဇွန်ပွင့်စာအုပ်တိုက်။

## ဖတ်ရှုလေ့လာသည့်စာအုပ်စာရင်း

ခင်မျိုးထွန်း၊ မ ။ (၂၀၀၁) ။ ***ဝန်ကြီးပဒေသရာဇာ၏ သုဇာတပျို့နှင့် ကုမ္မာဘယပျို့လာ အလင်္ကာ တန်ဆာဆင်မှုလေ့လာချက်။*** မန္တလေးတက္ကသိုလ် မြန်မာစာပါရဂူဘွဲ့ အတွက် တင်သွင်းသောကျမ်း ။

ရဲမင်းထက်၊ (မြန်မာစာ)။ (၂၀၂၁) ။ ***ဇာတကနောက်ခံ ရခိုင်သာခြင်းများ၏ အပြောက်အမွမ်း။*** ရန်ကုန်။ စာပေဗိမာန်ပုံနှိပ်တိုက်။

သက်မွန်အောင်၊ မ။ (၂၀၂၁) ။ သုဇာတပျို့မှ ***ရသအဖွဲ့များလေ့လာချက်။*** မန္တလေးတက္ကသိုလ် ။ မြန်မာစာမဟာဝိဇ္ဇာဘွဲ့အတွက် တင်သွင်းသောကျမ်း ။

သိင်္ဂီ၊မ။ (၂၀၁၈)။ ***ကင်းဝန်မင်းကြီး၏ တိန္ဒုကပျို့ အပြောက်အမွမ်း လေ့လာချက်။*** မန္တလေးတက္ကသိုလ်။ မြန်မာစာပါရဂူဘွဲ့ အတွက် တင်သွင်းသောကျမ်း ။